# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 3 , 2023 Volume 71, Number 2


၃.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၉၉.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၂၇.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၃.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၃.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၆၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၄၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၁၈ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၅၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၆၀၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## အက်ခ်မက်-ကိုရီးယားစီမံကိန်း၏ တတိယအကြိမ်သင်တန်း အစီအစဉ်ဖြစ်သည့် "အုန်းသီးတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းနည်းပညာပေးသင်တန်း" ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကားပြောကြား




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ၂၀၂၃ ခုနှစ်၊ မေလမှ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် "ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသော ထုတ်ကုန် (အုန်းသီး)တန်ဖိုး ကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင် ထုတ်လုပ်ခြင်း စီမံကိန်း"၏ လုပ်ငန်းအစီအစဉ်အရ "အုန်းသီး တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်း" ဖွင့်ပွဲ အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့၊ နံနက် (၉:၀၀) နာရီအချိန်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတက်ရောက်၍ အမှာစကား ပြောကြားခဲ့ပါသည်။

ဖွင့်ပွဲအခမ်းနား၌ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချမှုများကို ပြန်လည်အသုံးချ၍ အုန်းသီးအခြေခံစားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ပြည်တွင်းသာမက ပြည်ပသို့တင်ပို့နိုင်သည်အထိ အကျိုးကျေးဇူးရရှိနိုင်သောကြောင့် တတ်မြောက်အောင် သင်ကြားရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံက ထွက်ရှိသည့် အုန်းသီးအစိုနှင့်အခြောက်များ တင်ပို့မှုကို ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ စီမံကိန်းမှ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များမှတစ်ဆင့် အုန်းသီးစိုက်ပျိုး ထုတ်လုပ်သူများနှင့် အုန်းသီးထုတ်ကုန် ထုတ်လုပ်သည့်လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဟု

ယုံကြည်ပါကြောင်း၊ စီမံကိန်းမှ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ အောင်မြင်အောင် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဧရာဝတီတိုင်း ဒေသကြီး အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ စုစုပေါင်း (၆၀) ဦး တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်၍ သင်တန်းပထမနေ့အဖြစ် သင်တန်းပို့ချခြင်း အစီအစဉ်ကို နံနက် (၁၀:၀၀) နာရီအချိန်တွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ သင်တန်းခန်းမတွင် ဆက်လက်ဆောင်ရွက် ခဲ့ပြီး သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးက အုန်းသီးတန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ခြင်းကို စာတွေ့သင်ကြားပို့ချခြင်းနှင့် ထုတ်ကုန်များ စမ်းသပ်ထုတ်လုပ်ခြင်းကို လက်တွေ့သရုပ်ပြ သင်ကြားပို့ချခဲ့ပါသည်။

ယခုဖွင့်လှစ်သည့် သင်တန်းတွင် အုန်းသီးအခြေခံစားသောက်ကုန် ပစ္စည်းများဖြစ်သည့် အုန်းသီးရေခဲမုန့်၊ အုန်းစိမ်းဂျယ်လီ၊ အုန်းဆီ၊ အုန်းနို့မှုန့်၊ အုန်းသီးချိုချဉ်စသည်တို့ကို ပြုလုပ် ခြင်းနှင့် ရေချိုးဆပ်ပြာ၊ အုန်းမီးသွေးကဲ့သို့သော တန်ဖိုးမြှင့် အုန်းထုတ်ကုန်များ ပြုလုပ်ခြင်းတို့ကို ပြည်တွင်းကျွမ်းကျင်ပညာရှင်များက စာတွေ့လက်တွေ့သင်ကြားပို့ချပေးမည် ဖြစ်ပါသည်။ သင်တန်းကာလမှာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ (၃) ရက်ကြာ သင်ကြားပို့ချ သွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား (၃၄)ဦး တက်ရောက်ကြကြောင်း သတင်းရရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%%

## Online Sales လုပ်ငန်းများ မှတ်ပုံတင်စနစ် အောက်တိုဘာ ၂ ရက်မှ စတင်အသုံးပြု လာမည့်ဒီဇင်ဘာ ၃၁ ရက်အထိ မှတ်ပုံတင်ကြေးကင်းလွတ်ခွင့်ပြုမည်ဖြစ်




Online Sales လုပ်ငန်းများ မှတ်ပုံတင်စနစ် အောက်တိုဘာ ၂ ရက်မှ စတင်အသုံးပြုနေပြီဖြစ်ကြောင်း အောက်တိုဘာ ၂ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပသည့် အွန်လိုင်း စနစ်ဖြင့် ရောင်းချသူများ (Online Sales) လုပ်ငန်းများ မှတ်ပုံတင်နိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် eComReg System စနစ်ဖွင့်လှစ်ခြင်းအခမ်းအနားမှ သိရသည်။

"စနစ်က ဒီနေ့မှာစပြီးဖွင့်လှစ်မှာဖြစ်ပါတယ်။ ဒီနေ့မှာပဲ စပြီး မှတ်ပုံတင်လို့ရပါတယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးဝင်းက ပြောကြားခဲ့သည်။

အဆိုပါအွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်း (Online Sales) လုပ်ငန်းမှတ်ပုံတင် (အသစ်) လျှောက်ထားရမည့် လုပ်ငန်းစဉ် များနှင့် မှတ်ပုံတင်မည့်သူများ သိရှိလိုက်နာရမည့်စည်းကမ်းချက်များနှင့် တာဝန်များစသည်တို့ကို အဆိုပါအခမ်းအနားတွင် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့သည်။ "တော်တော်များများတော့ ဖြေလျှော့ထားပေးတဲ့အနေအထားရှိပါတယ်။ ဖြေလျှော့ထားပေးတဲ့အနေအထားမှာမှ လာမလုပ်ဘူးဆိုရင်တော့ ဥပဒေအရပေါ့၊ အရေးကြီးကုန်စည်နဲ့ဝန်ဆောင်မှုဥပဒေအရ အရေးယူဖို့ ဆောင်ရွက်မှာဖြစ်ပါတယ်။ Consumer တွေ တော်တော်များများထိခိုက်မှုရှိလာမယ်၊ ခုနကပြောသလို Registration လည်း လုပ်မထားတဲ့ Online Sales လုပ်ငန်းတွေကို တကယ်ထိထိရောက်ရောက် အရေးယူသွားဖို့ရှိပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်က ပြောကြားခဲ့သည်။

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း (Online Sales) လုပ်ငန်းမှတ်ပုံတင်(အသစ်) လျှောက်ထားရန် https://www.ecomreg.gov.mm တွင် Login ဝင်ရောက်ကာ Menu Bar ၏ Applu Register မှတစ်ဆင့် ဝင်ရောက်ရမည်ဖြစ်သည်။ အဆင့်(၁)မှ(၃)ထိ လိုအပ်သည့်အချက်အလက်များ ဖြည့်သွင်းရမည်ဖြစ်ပြီး ဖြည့်သွင်းပြီးပါက Online Application ကျသင့်ငွေပေးသွင်းရမည်

ဖြစ်သည်။ ဌာနမှ လိုအပ်သည့်အချက်အလက်များစစ်ဆေးပြီး Approve ပြုလုပ်ပါက မှတ်ပုံတင်ကြေး ကျသင့်ငွေပေးသွင်းနိုင်ပြီ ဖြစ်သည်။ အဆိုပါမှတ်ပုံတင်ကြေးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ မှတ်ပုံတင်ကြေးကင်းလွတ်ခွင့်ဖြင့် ခွင့်ပြုမည် ဖြစ်ကြောင်း၊ ကျသင့်ငွေပေးသွင်းပြီးပါက အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင် Print ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၂၃ ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်ထုတ်ပြန်ထားသည်။ ယင်းအမိန့်အရ မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်မှာ မှတ်ပုံတင်လက်မှတ်ရရှိသူသည် ရောင်းချသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးရမည်၊ ရောင်းချသောကုန်စည်သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အရောင်းပြေစာပေးအပ်ရမည်၊ ရောင်းချသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်နှင့် အာမခံချက်များ ပေးအပ်ရမည်၊ ရောင်းချသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအတွက် ကျသင့်တန်ဖိုးနှင့်ညီမျှသည့် အရည်အသွေးပြည့်မီစေရန် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်၊ မှတ်ပုံတင်လက်မှတ် လျှောက်ထားစဉ်က ရောင်းချမည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားစာရင်းတွင် ပါဝင်ခြင်းမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ် ရောင်းချခြင်းကို ရှောင်ကြဉ်ရမည်၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတစ်ဆင့် နိုင်ငံရေးကိုရည်ရွယ်၍သော်လည်းကောင်း၊ အများပြည်သူ၏ တည်ငြိမ် အေးချမ်းရေးနှင့် လုံခြုံရေးကို ပျက်ပြားစေရန် ရည်ရွယ်၍သော်လည်းကောင်း လှုံ့ဆော်မှု၊ ဟောပြောမှု၊ စည်းရုံးမှု၊ အားပေးမှုနှင့် ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်ခြင်းကို ရှောင်ကြဉ်ရမည်၊ ပွင့်လင်းမြင်သာမှုရှိစွာရောင်းချရမည်၊ အစားအသောက် သို့မဟုတ် ဆေးဝါးသို့မဟုတ် ဆေးပစ္စည်း သို့မဟုတ် အလှကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ချမှတ်ထားသော စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရမည်စသည်တို့ပါဝင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်က ရှင်းလင်းပြောကြားခဲ့သည်။

**Source:** https://news-eleven.com/article/254534

## မော်လမြိုင်ကျွန်းမြို့နယ်၌ တီလားဗီးယားငါးတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ အထိ ဈေးကောင်းရ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ တီလားဗီးယား ငါးတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ အထိ ဈေးကောင်းရရှိလာခြင်းကြောင့် ရေလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်အေးမော်ထံမှသိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံများထံ တီလားဗီးယားငါးများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဩဂုတ်လ အတွင်း တီလားဗီးယားငါးတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ အထိသာဈေးရှိခဲ့ကာ စက်တင်ဘာလ ပထမပတ်မှ ယနေ့အထိ တီလားဗီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ အထိ ဈေးကောင်းရရှိကြောင်းသိရသည်။

"တီလားဗီးယားငါးတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ လက်ရှိမှာငါးတွေ အထွက်နှုန်းကောင်းပြီး ဈေးကောင်းနေတယ်။ ဒ့ါအပြင် ဒေသငါးဈေးကွက်မှာ ငါးအရောင်းအဝယ်လုပ်ငန်းတွေလည်း အပြိုင်ပြန်လည်လုပ်ကိုင်လာတော့ ဈေးတက်လာတာ ဖြစ်ပါတယ်။ အရင်ကငါးတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ပဲရှိတာ။ ခုတော့ တစ်ပိဿာကိုငွေကျပ် ၇၅၀၀ အထိဈေးကောင်း နေပြီး ဒီလအတွင်း အမှာကုန်ချိန်ကလည်း များနေပါတယ်။ ငါးဈေးကကောင်းပြီး အရောင်းအဝယ်ကလည်း ကောင်းတော့ ရေလုပ်ငန်း လုပ်သူတွေအဆင်ပြေလျက်ရှိနေပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံ လုပ်ငန်းရှင် ဒေါ်အေးမော်ကပြောသည်။

အဆိုပါ တီလားဗီးယား ငါးဈေးနှုန်းမြင့်တက်လာသော်လည်း အရောင်းအဝယ်ကောင်းနေပြီး လက်ရှိတွင် တစ်ရက်လျှင် တီလားဗီးယားငါးပိဿာချိန် ၅၀၀ မှ ၂၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေသည်။ အဆိုပါ တီလားဗီးယားငါးများ အရောင်းအဝယ်သွက်လာသည့်အတွက် ကုန်တင်ယာဉ် အငှားလိုက်လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့် ကုန်ထမ်းလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/46589

## မန္တလေးကုန်စည်ဒိုင် နှမ်းမျိုးစုံဈေးကွက် ဈေးအေးနေ

မန္တလေးကုန်စည်ဒိုင်သို့ စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း နှမ်းမျိုးစုံ ဈေးကွက်ထဲ ဝင်ရောက်နေပြီး ဈေးအေးနေကြောင်းသိရသည်။ ဈေးကွက်ထဲကို နှမ်းအသစ်တွေ အဝင်ရှိနေပြီး အရည်အသွေးနှင့် ဝယ်လိုအားပေါ်မူတည်၍ ဈေးအတက်အကျ ဖြစ်ပေါ်လျက်ရှိကြောင်း မန္တလေးကုန်စည်ဒိုင် ဈေးကွက်မှသိရသည်။ နှမ်းဖြူ(ရိုးရိုး) ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃၄၀၀၀၀ မှ ၃၆၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၄၀၀၀၀ မှ ၃၆၅၀၀၀၊ ယခင်လကျပ် ၃၈၅၀၀၀ မှ ၄၀၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေပြီး၊ ယခင်လထက်ကျပ် ၃၅၀၀၀ မှ ၄၅၀၀၀ နိမ့်ကျလာသည်။

နှမ်းဖြူ(ဂျပန်) ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃၄၀၀၀၀ မှ ၃၆၀၀၀၀ ၊ယခင်တစ်ပတ် ကျပ် ၃၈၀၀၀၀ မှ ၃၈၅၀၀၀၊ ယခင်လကျပ် ၄၂၀၀၀၀ မှ ၄၃၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၅၀၀၀ မှ ၄၀၀၀၀၊ ယခင်လထက်ကျပ် ၇၀၀၀၀ မှ ၈၀၀၀၀ နိမ့်ကျလာသည်။

နှမ်းညို ၄၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၉၀၀၀၀ မှ ၂၉၅၀၀၀၊ ယခင် တစ်ပတ်ကျပ် ၃၀၀၀၀၀၊ ယခင်လကျပ် ၃၀၅၀၀၀ မှ ၃၁၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ထက်ကျပ် ၅၀၀၀ မှ ၁၀၀၀၀၊ ယခင်လထက်ကျပ် ၁၅၀၀၀ မှ ၂၀၀၀၀ နိမ့်ကျလာသည်။

နှမ်းနက်(စမုံ) ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၈၀၀၀၀ မှ ၃၄၀၀၀၀၊ ယခင်တစ်ပတ်ကျပ် ၂၈၀၀၀၀ မှ ၃၄၀၀၀၀၊ ယခင်လကျပ် ၃၄၀၀၀၀ မှ ၃၇၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေပြီး ၊ ယခင်လထက် ၃၀၀၀၀ မှ ၆၀၀၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်မှ ၂၉ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၆၉၄၄၇၇.၂၆၀ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၈၀၄၂၂၁.၁၇၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ရော်ဘာ၊ ဆန်ကွဲ၊ ပြောင်းနှင့်လောင်စာတောင့်များ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၄၃၃၁၄၄.၄၂၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၂၆၁၃၃၂.၈၄၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ လုပ်ငန်းသုံး အခြားပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ၊ တာယာနှင့်ကျွတ်များ၊ ဓာတုဗေဒချည်ခင်များ၊ သံပိုက်၊ စက်ဘီး၊ ကားတာယာနှင့် မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၉၆၁၇၇.၂၅၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၅၀၈၀၄၃.၉၂၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ်လျှင် တရုတ်ငွေ ၀.၃၄၁ ယွမ်ရှိပြီး တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၃.၂၅ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် ကြက်သွန်နီ ၁၀ ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ ထိ ဈေးကောင်းရရှိနေ



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ ၁၀ ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းမွေးက ပြောပြသည်။

မအူပင်မြို့ဈေးကွက်အတွင်း ရှမ်းပြည်နယ်မှ ကြက်သွန်နီများ ဝင်ရောက်လျက်ရှိပြီး စက်တင်ဘာလ ပထမပတ်မှ ဒုတိယပတ်ထိ ရှမ်းပြည်နယ်မှ ထွက်ရှိသည့်ကြက်သွန်နီ ၁၀ ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ သာ ဈေးရှိခဲ့ကြောင်း၊ စက်တင်ဘာလ ဒုတိယပတ်မှစတင်၍ တဖြည်းဖြည်းဈေးကောင်းလာပြီး အောက်တိုဘာလ ၁ ရက်ထိ ရှမ်းပြည်နယ်မှထွက်ရှိသည့် ကြက်သွန်နီ ၁၀ ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ ထိဈေးကောင်းရရှိနေကြောင်း သိရသည်။

“မအူပင်ဈေးကွက်ထဲကို ရှမ်းပြည်နယ်ဘက်ကနေထွက်တဲ့ ကြက်သွန်နီတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ လက်ရှိ ကြက်သွန်နီတစ်ပိဿာကိုငွေကျပ် ၁၀၀၀ ထိ ဈေးကောင်းရရှိလာပါတယ်။ ဈေးအတက်အကျရှိပေမဲ့ ပုံမှန်အရောင်းအဝယ် ဖြစ်နေပါတယ်။ မအူပင်ပွဲရုံတွေဆီကို ရှမ်းပြည်နယ်ကနေ ပုံမှန်အဝင်လဲရှိနေပါတယ်။ ကြက်သွန်နီက ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်ကောင်းနေတာပါ” ဟု မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းမွေးက ပြောပြသည်။

မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးနှင့် ကြက်သွန်နီပွဲရုံများသို့ တစ်ရက်လျှင်ကြက်သွန်နီပိဿာချိန် ၅၀၀ မှ ၅၀၀၀ ထိဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါကြက်သွန်နီများကို အခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း၊ ကြက်သွန်နီများ ဈေးကောင်းရရှိလာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ စိုက်ပျိုးရေး လုပ်ငန်းရှင်များ၊ လုပ်သားများ၊ ပွဲရုံပိုင်ရှင်များအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပဲစဉ်းငုံနှင့်မတ်ပဲကို သိုလှောင်ခြင်းမှ တားဆီးရန်နှင့် စားသုံးသူများအတွက် ဈေးနှုန်းချိုသာစေရန် အိန္ဒိယအစိုးရ ဆောင်ရွက်

အိန္ဒိယအစိုးရသည် ပဲစင်းငုံနှင့်မတ်ပဲ ကုန်စည်လက်ကျန်ကန့်သတ်ချက်ကို ၁၉၅၅ ခုနှစ် အရေးကြီးကုန်စည်များ အက်ဥပဒေအရ ယခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အချိန်တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။ ပဲလက်ကားဒိုင်များနှင့် လက်လီဆိုင်ကြီးများအနေဖြင့် အဆိုပါပဲများကို ၅၀ တန်မှ ၂၀၀ တန်အထိသာ သိုလှောင်ရောင်းချခွင့်ပြုရန် အမြင့်ဆုံးသိုလှောင်ထားရှိနိုင်သည့်ပမာဏကို နိမ့်ချသတ်မှတ်ခဲ့သည်။ အဆိုပါ ပဲကုန်စည်လက်ကျန်သတ်မှတ်ချက်ကို အစိုးရက ယခုနှစ် ဇွန်လ ၂ ရက်နေ့က စတင်သတ်မှတ်ခဲ့ပြီး၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ အာဏာသက်ဝင်မည်ဖြစ်ကြောင်း ဦးစွာပထမထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ထို့အပြင် အိန္ဒိယအစိုးရက ပဲကြိတ်ခွဲပြုပြင်ထုတ်လုပ်သူများအား အရေအတွက်ကန့်သတ်ထိန်းချုပ်ရာတွင် ယခင်က လွန်ခဲ့သော သုံးလတာကာလအတွင်းက ထုတ်လုပ်မှုပမာဏ သို့မဟုတ် နှစ်စဉ်ထုတ်လုပ်မှုပမာဏ၏ ၂၅ ရာခိုင်နှုန်းအနက် “များရာယူရန်” သတ်မှတ်ခဲ့ရာမှ ယခုအခါ လွန်ခဲ့သော ၁ လတာကာလအတွင်းက ထုတ်လုပ်မှု သို့မဟုတ်

နှစ်စဉ်ထုတ်လုပ်မှုပမာဏ၏ ၁၀ ရာခိုင်နှုန်းအနက် "များရာယူရန်" ၎င်းတို့အား သိုလှောင်ရောင်းချနိုင်သည့် ပမာဏကို လျှော့ချသတ်မှတ်ခဲ့သည်။

"ပဲစတော့ကန့်သတ်ချက်များနှင့် အချိန်ကာလတိုးချဲ့ရန် ပြန်လည်ပြင်ဆင်ခြင်းသည် ပဲစဉ်းငုံနှင့်မတ်ပဲများကို သိုလှောင်ခြင်းမှတားဆီးရန်၊ ဈေးကွက်သို့လုံလောက်သောပမာဏဖြင့် စဉ်ဆက်မပြတ်ရောက်ရှိစေရန်နှင့် စားသုံးသူများအနေဖြင့် ၎င်းတို့ကို တတ်နိုင်သောဈေးနှုန်းများဖြင့် ဝယ်ယူရရှိစေရန်ဖြစ်သည်" ဟု အိန္ဒိယစားသုံးသူရေးရာဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လက်လီအရောင်းဆိုင်ကြီးများအတွက် ၎င်းတို့၏ လက်လီအရောင်းဆိုင်ငယ်တစ်ခုစီတွင် ပဲ ၅ တန်အထိသာ သိုလှောင်ရောင်းချနိုင်ရန် သတ်မှတ်ချက်ကို ဆက်လက်ထားရှိမည်ဖြစ်သော်လည်း ယခုအခါကုန်လှောင်ရုံအဆင့်တွင် ပဲ ၅၀ တန်သာ သိုလှောင်ထားရှိရန် လျှော့ချသတ်မှတ်သွားမည်ဖြစ်သည်။ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် အကောက်ခွန်ရှင်းလင်းခြင်းကိစ္စ ဆောင်ရွက်ပြီးစီးသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အထိ ပဲသွင်းကုန်စတော့များကို ဆက်လက်ထိန်းသိမ်းထားခွင့်ရှိကြောင်း သိရသည်။

**ပဲလက်ကျန်အခြေအနေ**

သွင်းကုန်လုပ်ငန်းရှင်များ၊ ပြုပြင်ထုတ်လုပ်သူများ/ကြိတ်စက်များ၊ လက်ကားရောင်းချသူများနှင့် လက်လီ အရောင်းဆိုင်များအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ အွန်လိုင်းပေါ်တယ်(https:// fcainfoweb.nic.in/psp)တွင် စတော့လက်ကျန်အခြေအနေကို ဆက်လက်၍ ထုတ်ပြန်ကြေညာရန် တောင်းဆိုထားသော်လည်း၊ အစိုးရ၏အမိန့်ကြော်ငြာစာတွင် "ပုံမှန်"ဟူသောအသုံးအနှုန်းကို အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိကြောင်းသိရသည်။

အိန္ဒိယအစိုးရ၏အချက်အလက်များအရ ပဲစဉ်းငုံစိုက်ဧရိယာစုစုပေါင်းသည် ပြီးခဲ့သည့်နှစ်က ၄၆ ဒသမ ၀၆ သိန်းဟက်တာရှိခဲ့ရာမှ ယခုနှစ် ပဲစိုက်ရာသီတွင် စက်တင်ဘာလ ၂၂ ရက်နေ့အထိ ၄၃ ဒသမ ၆၉ သိန်းဟက်တာသာရှိသေးကြောင်း၊ မတ်ပဲစိုက်ဧရိယာမှာ ပြီးခဲ့သည့်နှစ်က ၃၃ ဒသမ ၃၁ သိန်းဟက်တာရှိပြီး ယခုနှစ်တွင် ၃၂ ဒသမ ၇၉ သိန်းဟက်တာသာရှိသည်ဟု ကုန်သည်များက ပြောကြားခဲ့သည်။ ဩဂုတ်လအတွင်း မိုးရွာသွန်းမှုနည်းပါးပြီး ယခုလအတွင်း မိုးအလွန်အကျွံရွာသွန်းသည့်ဒေသများတွင် ပဲအထွက်နှုန်း လွန်စွာကျဆင်းမည်ဖြစ်ကြောင်း ကုန်သည်များကပြောကြားသည်။ ထို့အပြင် ရာသီနှောင်းပိုင်း၌ စိုက်ပျိုးထားသော ပဲမျိုးစုံသည်လည်း ထုတ်လုပ်မှုလျော့ကျနိုင်ဖွယ်ရှိကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ယခုနှစ်၊ စက်တင်ဘာ ၂၅ ရက်တွင် ပဲစဉ်းငုံ၏ ပျမ်းမျှလက်လီဈေးနှုန်းသည် ၁ ကီလိုဂရမ်လျှင် ၁၄၉ ရူပီးရှိပြီး လွန်ခဲ့သောတစ်လကထက် ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ ယခင်နှစ်ကာလတူရှိ ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ၃၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ အလားတူပင် ယခုနှစ်၊ စက်တင်ဘာ ၂၅ ရက်တွင် မတ်ပဲဈေးနှုန်းသည် ၁ ကီလိုဂရမ်လျှင် ၁၁၈ ရူပီးရှိခဲ့ပြီး လွန်ခဲ့သော တစ်လကထက် ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ ယခင်နှစ် ကာလတူဈေးနှုန်းထက် ၁၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း တရားဝင်စာရင်းများအရ သိရသည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယအစိုးရသည် ပဲစဉ်းငုံနှင့်မတ်ပဲကို အရေးကြီးကုန်စည်များအနေဖြင့် သတ်မှတ်၍ ကုန်စည်လက်ကျန်အခြေအနေကို မပြတ်စောင့်ကြည့်ထိန်းချုပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံ၌ ရာသီဥတုမမှန်မှုကြောင့် ယခင်နှစ်များထက် ပဲအထွက်နှုန်းပိုမိုကျဆင်းနိုင်သည့် အလားအလာများရှိသည့်အတွက် မြန်မာနိုင်ငံမှ ပဲစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအနေဖြင့် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းပဲလိုအပ်ချက်ကို သိရှိပြီး ကြိုတင်စီမံဆောင်ရွက်နိုင်ရန် သုံးသပ်တင်ပြလိုက်ရပါသည်။

**Source: The Hindu Businessline သတင်းဌာန၊ "Move to prevent hoarding and make the pulses affordable to consumers"၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Ygn)_02102023_22:14

## အိန္ဒိယသည် ဘာစမာတီမဟုတ်သော ဆန်ဖြူတန်ချိန် ၇၅,၀၀၀ ကို ယူအေအီးသို့ တင်ပို့ခွင့်ပြု

အိန္ဒိယသည် ဘာစမာတီမဟုတ်သောဆန်ဖြူတင်ပို့မှုအား ပြည်တွင်းဈေးကွက်တည်ငြိမ်စေရန်နှင့် ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံမှုရှိစေရန်အတွက် ဇူလိုင် ၂၀ ရက်မှစတင်ကာ တားမြစ်ထားသော်လည်း ဘာစမာတီမဟုတ်သောဆန်ဖြူတန်ချိန် ၇၅,၀၀၀ ကို ယူအေအီးသို့ တင်ပို့ခွင့်ပြုခဲ့သည်ဟု The Economic Times သတင်းစာတွင်ဖော်ပြထားပါသည်။

ယူအေအီးသို့ ဆန်ဖြူတင်ပို့ခွင့်ကို အမျိုးသားပို့ကုန်သမဝါယမလီမိတက်(National Cooperative Exports Limited)မှ တစ်ဆင့် ခွင့်ပြုထားကြောင်း နိုင်ငံခြားကုန်သွယ်ရေးအထွေထွေညွှန်ကြားမှုဦးစီးဌာန(DGFT)၏ တနင်္လာနေ့ နှောင်းပိုင်းတွင် ထုတ်ပြန်ခဲ့သည့်အမိန့်ကြော်ငြာစာ၌ ဖော်ပြထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် DGFT က အခြားသောနိုင်ငံများ၏ စားနပ်ရိက္ခာဖူလုံမှုအတွက် ယင်းနိုင်ငံအစိုးရတို့၏ တောင်းဆိုမှုအပေါ်အခြေခံ၍ ၎င်းတို့၏စားနပ်ရိက္ခာဖူလုံမှုလိုအပ်ချက်များနှင့် ကိုက်ညီစေရန် အိန္ဒိယအစိုးရက ဆန်တင်ပို့ခွင့်များကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းလည်းဖော်ပြထားပါသည်။ ထို့အပြင် ပြီးခဲ့သောလတွင် အိန္ဒိယသည် စင်ကာပူ၏ စားနပ်ရိက္ခာဖူလုံမှုလိုအပ်ချက်များကို ပြည့်မီစေရန် ဆန်တင်ပို့မှုအား ခွင့်ပြုရန်ဆုံးဖြတ်ခဲ့သည်ကို တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သော ဆန်ဖြူတင်သွင်းသူများမှာ အနောက်အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘီနင်၊ ယူအေအီး၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိုင်ဗရီကို့စ်၊ တိုဂို၊ ဆီနီဂေါ၊ ဂီနီ၊ ဂျီဘူတီ၊ မဒါဂတ်စကာ၊ ကင်မရွန်၊ ဆိုမာလီယာ၊ မလေးရှားနှင့် လိုက်ဘေးရီးယားတို့ဖြစ်သည်။

အိန္ဒိယသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင်လည်း ဆန်ကွဲတင်ပို့မှုကို တားမြစ်ခဲ့ပြီး စပါးစိုက်ကေလျှော့နည်းသဖြင့် အထွက်နှုန်းကျဆင်းမည်ကို စိုးရိမ်မှုရှိသောကြောင့် ပေါင်းဆန်မှအပ ဘာစမာတီ မဟုတ်သော ဆန်ဖြူတင်ပို့မှုများအပေါ် အခွန် ၂၀ ရာခိုင်နှုန်းချမှတ်ခဲ့ပြီး နိုဝင်ဘာလတွင် ယင်းထုတ်ပြန်ချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရသဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် ဆန်ဖြူတင်ပို့မှုအား ကန့်သတ်ထားသော်လည်း မိတ်ဖက်နိုင်ငံများ၏တောင်းဆိုမှုအခြေအနေပေါ်မူတည်ပြီး ခွင့်ပြုဆောင်ရွက်ပေးနေမှုအခြေအနေများကို သိရှိနိုင်ရေး တင်ပြလိုက်ရပါသည်။

**Source: India permits 75,000 tonnes no-basmati white rice exports to UAE, The Economic Times, 26 September 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Ygn)_02102023_21:45

## ယူအေအီးနိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများ အောက်တိုဘာလတွင် မြင့်တက်မည်ဟုခန့်မှန်း

ယူအေအီးနိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများပြောင်းလဲနိုင်ကြောင်း စက်သုံးဆီဈေးနှုန်းကော်မတီမှ အောက်တိုဘာလအတွက် စက်သုံးဆီဈေးနှုန်းသတ်မှတ်မည့်အစည်းအဝေးအရ သိရှိရပါသည်။

စက်တင်ဘာလတွင် ဈေးနှုန်းတိုးမြှင့်ထုတ်ပြန်ကြေညာခဲ့သည့် စက်သုံးဆီဈေးနှုန်းများ၏ နောက်ဆက်တွဲအဖြစ် ကမ္ဘာ့ဈေးကွက်ရေစီးကြောင်းနှင့်အညီ ယူအေအီးနိုင်ငံ၏စက်သုံးဆီဈေးနှုန်း အတက်အကျနှုန်းထားများကို မြင့်တက်စေရန် ဦးတည်နေကြောင်း အဆိုပါသတင်းဌာနမှ ဖော်ပြထားပါသည်။

စက်သုံးဆီဈေးနှုန်းကော်မတီသည် လစဉ်လကုန်ရက်များတွင် ဈေးနှုန်းအစည်းအဝေးပြုလုပ်လေ့ရှိသည့်အတွက် လာမည့် စနေ၊ တနင်္ဂနွေတွင် ကြေညာချက်ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး လက်ရှိကမ္ဘာလုံးဆိုင်ရာဈေးကွက်များအရ အကြောင်း တစ်စုံတရာမရှိပါက လာမည့်အောက်တိုဘာလတွင် ဈေးနှုန်းများမြင့်တက်နိုင်ခြေရှိကြောင်းလည်း ဖော်ပြပါရှိပါသည်။

လက်ရှိအချိန်တွင် စက်တင်ဘာလဆန်းပိုင်းက အမေရိကန်ဒေါ်လာ ၈၄(AED ၃၀၈)သာရှိခဲ့သည့် Brent ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၁(AED ၃၃၄)သို့ ရောက်ရှိနေပြီး အမေရိကန်ဒေါ်လာ ၈၀(AED ၂၉၃)ရှိခဲ့သည့် WTI ရေနံစိမ်းတစ်စည်မှာလည်း အမေရိကန်ဒေါ်လာ ၈၈(AED ၃၂၃)သို့ ရောက်ရှိ နေကြောင်း ဖော်ပြထားပါသည်။

အကယ်၍ ရေနံစိမ်းဈေးမြင့်တက်လာပါက အောက်ပါ လက်ရှိစက်တင်ဘာလ၏ မြင့်တက်နေသည့် စက်သုံးဆီနှုန်းထား များထက် ပိုမိုလာနိုင်ခြေရှိကြောင်း ပါရှိပါသည် -

Super 98 ဓာတ်ဆီ – AED ၃.၄၂

Super 95 ဓာတ်ဆီ – AED ၃.၃၁

E-Plus 91 ဓာတ်ဆီ – AED ၃.၃၂

Diesel ဒီဇယ်ဆီ – AED ၃.၄၀

ယူအေအီးနိုင်ငံ၏ဓာတ်ဆီဈေးနှုန်းများသည် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် အမြင့်မားဆုံးဖြစ်ခဲ့ပြီး Super 98 ဓာတ်ဆီ တစ်လီတာလျှင် AED ၄.၆၃ အထိရောက်ရှိခဲ့ကာ ဩဂုတ်လ၊ စက်တင်ဘာလနှင့်အောက်တိုဘာလများတွင် သုံးလဆက်တိုက် ကျဆင်းခဲ့ပြီး ဆက်လက်၍နိုဝင်ဘာလတွင် ဈေးနှုန်းမြင့်တက်လာခဲ့သော်လည်း ဒီဇင်ဘာလတွင် ပြန်လည်လျော့ကျခဲ့ပါသည်။ ယူအေအီးနိုင်ငံရှိ စက်သုံးဆီဈေးနှုန်းများကို ၂၀၁၅ ခုနှစ်မှစ၍ ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများနှင့်အညီဖြေလျှော့ပေးခဲ့ပြီး လွန်ခဲ့သည့်ရှစ်နှစ်တာကာလအတွင်း လောင်စာဆီဈေးနှုန်းကော်မတီမှ ပြန်လည်ပြင်ဆင်ထားသော စက်သုံးဆီဈေးနှုန်းထားများကို ထုတ်ပြန်ကြေညာရန်အတွက် လစဉ်လတိုင်း စက်သုံးဆီဈေးနှုန်း အစည်းအဝေးများကို ပြုလုပ်ခဲ့ပါသည်။

အကျိုးသက်ရောက်မှုအဖြစ် နိုင်ငံတွင်းနေထိုင်ကြသူများအနေဖြင့် လောင်စာဆီအစားထိုးအသုံးပြုမှုများရရှိစေပြီး အများသုံးသယ်ယူပို့ဆောင်ရေးစနစ်တွင် ပိုမိုအသုံးပြုစေရန် လှုံ့ဆော်မှုများရရှိလာလိမ့်မည်ဟု ယူအေအီးအစိုးရမှ မျှော်လင့်ထားကြောင်း ဖော်ပြပါရှိပါသည်။

**Source: timeoutdubai.com**

**(ဦးနန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ ဒူဘိုင်းမြို့)**

https://myantrade.gov.mm/article/STP(Ygn)_02102023_20:27

## STOCK EXCHANGE (3.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,507 (Shares) | 22,620,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 1,377 | 12,255,300 | 33,109,694 | 294,676 |
| MTSH | 00002 | 3,050 | +0 | +0.00% | 3,000 | 3,050 | 2,950 | 2,339 | 7,012,050 | 38,929,150 | 118,734 |
| MCB | 00003 | 7,400 | -100 | -1.33% | 7,400 | 7,400 | 7,400 | 20 | 148,000 | 10,400,986 | 76,967 |
| FPB | 00004 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,700 | 1,124 | 1,910,800 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 31 | 74,400 | 12,823,224 | 30,776 |
| EFR | 00006 | 2,200 | +0 | +0.00% | 2,200 | 2,200 | 2,200 | 300 | 660,000 | 19,977,223 | 43,950 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 2 | 10,000 | 10,497,598 | 52,488 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,750 | 314 | 550,200 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 3rd Oct. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.88 | +0.23 | +0.06% | 375.06 | 376.88 | 373.40 | 5,507 | 22,620,750 | 8 | 710,870 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 3rd Oct. 2023

| Trading Volume | Trading Value |
|---|---|
| 5,507 (Shares) | 22,620,750 (MMK) |

### Main Board

As of 1:00 pm, 3rd Oct. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,507 (Shares) | 22,620,750 (MMK) |

| MYANPIX | 376.88 ▲ 0.23 |
|---|---|
| Total Volume (shares) | 5,507 |
| Total Value (MMK) | 23 mil |
| Listed Company | 8 |
| Market Cap. (MMK) | 710,870 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 7,400 | ▼ 100 |
| FPB | 00004 | 1,700 | ▲ 50 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,200 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 0 |

TIR